# ဥနှစ်နှစ်သမီး ရဟန္တာများ

ဆရာတော် ဘုရား၊ ကပ်သီးကပ်သပ် မေးသည်ဟု မထင်မှတ်စေလိုပါ ဘုရား။ အမျိုးသမီးထဲတွင် အဦးဆုံး သရဏဂုံ တည်သူ၊ အဦးဆုံး သောတာပန် ဖြစ်သူနှင့် အသက် အငယ်ဆုံး ရဟန္တာ ဖြစ်သူများ (ရှိလျှင်) သိလိုပါသည် အရှင်ဘုရား။ ထို ပုဂ္ဂိုလ်များသည် မည်သို့သော ကုသိုလ်ထူးများကို ပြုခဲ့ကြသည်ကိုလည်း သိလိုပါသည် အရှင်ဘုရား။

ဒေါ်ဓမ္မဝတီ (စမ်းချောင်း)

---

**တိသရဏဦး**

ဗုဒ္ဓ မပွင့်ခင်က ဥရုဝေလာ ခင်တန်း အနီးက သေနာရှာ သူဌေး သေနိယရဲ့ သမီး သုဇာတာဟာ အရွယ်ရောက်လို့ အိမ်ထောင် ကျတဲ့အခါ သားဦးမွေးရင် နှစ်တိုင်း ပူဇော်ပါ့မယ်လို့ သူတို့ ကိုးကွယ်တဲ့ ညောင်ပင်ကို ကတိပေးဖူးတယ်။ အဲဒီနောက် ဗာရာဏသီမှာ အိမ်ထောင်ကျပြီး တိုက်ဆိုင်စွာ သားဦး မွေးတဲ့အတွက် ကတိအတိုင်း နှစ်စဉ် သေနာရှာကို ပြန်လာပြီး ညောင်ပင်ကို ပူဇော်ခဲ့တယ်။ ဒီနှစ် .. ဗုဒ္ဓလောင်းလျာ မင်းသိဒ္ဓတ် ဘုရား မဖြစ်ခင် တစ်ရက်အလို ကဆုန်လပြည့်နေ့ မနက် အရုဏ် ဆွမ်းခံထွက်ဖို့ ဒီညောင်ပင် အောက်မှာ အလင်းရောင်ကို စောင့်နေတဲ့ ဗုဒ္ဓလောင်းလျာနဲ့ တွေ့တော့ ညောင်စောင့်နတ်အထင်နဲ့ နွားနို့ဆွမ်း ကပ်လှူပြီး 'တပည့်တော် ဆန္ဒပြည့်သလို အရှင့်ဆန္ဒလည်း ပြည့်ပါစေ' တဲ့။

နောက်ထပ် လပိုင်းလောက် အကြာ မင်းသိဒ္ဓတ် ဗုဒ္ဓအဖြစ်ကို ရောက်ပြီး ဗာရာဏသီမြို့အနီး မိဂဒါဝုန်မှာ သိတင်းသုံးစဉ် အိမ်က ထွက်ပြေးတဲ့ သားမောင် ယသကို အကြောင်းပြုပြီး ဗုဒ္ဓနဲ့ ထပ်တွေ့၊ တရားနာပြီး သရဏဂုံတည် သောတာပန် ဖြစ်၊ နောင်အခါ ပထမဆုံး သရဏဂုံ သုံးပါးတည်တဲ့ အမျိုးသမီး အဖြစ် မြတ်ဗုဒ္ဓက သုဇာတာကို ဧတဒဂ်ဘွဲ့နဲ့ ချီးကျူးတော်မူတယ်။ ဒီလို ဖြစ်ရတာက ပဒုမုတ္တရ ဘုရား လက်ထက် အမျိုးသား တစ်ယောက် အဦးဆုံး သရဏဂုံ တည်ရာမှာ ဧတဒဂ် ပေးခံရတာကို အားကျပြီး ကုသိုလ်ပြု ဆုတောင်းခဲ့လို့။ ဗုဒ္ဓဂေါတမ လက်ထက်မှာ ဧတဒဂ်ဘွဲ့ ရမယ်ဆိုတဲ့ အဲဒီ ဘုရားရှင်ရဲ့ ဗျာဒိတ်ပါပြီးသား။

ကျမ်းဂန်အရ သူ့ချွေးမ (ယသရဲ့ ဇနီးဟောင်း) ပါ အတူတူ သရဏဂုံတည် သောတာပန် ဖြစ်ခဲ့ကြပေမယ့် သုဇာတာပဲ ဧတဒဂ် ဘွဲ့ရတာဟာ ဒီဗျာဒိတ်ကြောင့်လို့ ဆိုနိုင်လေမလား။

**သောတာပန်ဦး**

ကာဠီအမည်ရှိ ရာဇဂြိုဟ်မြို့သူ အမျိုးသမီးဟာ အိန္ဒိယ တောင်ပိုင်း ကုရရဃရမြို့က သူဌေးသားနဲ့ အိမ်ထောင် ကျပြီး ရောင်နောက် ဆံထုံး ပါခဲ့ရတယ်။ သန္ဓေခလို့ ရင့်မာတဲ့အချိန် ကလေး မွေးဖွားဖို့ မိဘရပ်ထံကို ပြန်လာခိုက် (အဲဒီ ကိုယ်ဝန်ဟာ နောင်အခါ ဗုဒ္ဓသာသနာမှာ ရဟန္တာဖြစ်သွားတယ်) မြတ်ဗုဒ္ဓ ဓမ္မစကြာတရား ဟောကြားတဲ့ည သန်းခေါင်းယံအချိန် အိမ်အပေါ် ထပ်မှာ လေညင်းခံရင်း ကောင်းကင်ယံမှ လေပြေနဲ့ အတူ လွင့်လာတဲ့ သာယာထူးခြားတဲ့ အသံတွေကို နားစွင့်မိတယ် ..

'ဗုဒ္ဓဘုရား မည်သည် (မည်သည့် လူမျိုး ဘာသာကိုမှ) ဘက်လိုက်၍ ချစ်ခြင်း မုန်းခြင်း မရှိ။ မည်သည့် အကြောင်းကြောင့်မျှ သတ္တဝါတို့ကို သေအောင်ပြုခြင်း (တိုက်ခိုက်ဖို့ လှုံ့ဆော်ခြင်း) မရှိ။ (လေ့ကျင့်အားထုတ်လို့ အောင်မြင်ထားပြီး ဖြစ်တဲ့) အသိဉာဏ်ဝိဇ္ဇာ အကျင့်စရဏနှင့် ပြည်စုံ၏ ..' (ကျမ်းဂန်မှာ မဖော်ပြပေမယ့် အဲဒီ အသံမှာ တရားရှုမှတ်ပုံ နည်းတွေလည်း ပါမှာ သေချာပါတယ်။)

ကာဠီဟာ အသံနှစ်ခုရဲ့ ပြောဆိုပုံ အစအဆုံးကို ကြည်ညို တည်ကြည်စိတ်နဲ့ ကြားနာဆဲ ဖြစ်ပေါ်လာတဲ့ ပီတိကို အခြေခံပြီး ဝိပဿနာ စီးဖြန်းလို့ သောတာပန် တည်သွားလို့ နောင်အခါ မြတ်ဗုဒ္ဓက ကာဠီကို တစ်ဆင့် စကားနဲ့ပင် အရိယာ အဆင့်ကို လှမ်းနိုင်သူ ဧတဒဂ်မယ်အဖြစ် ချီးကျူးတော်မူပါတယ်။ သူ

လည်း ပဒုမုတ္တရဘုရား လက်ထက်မှာ တစ်ဆင့်ကြားနဲ့ တရာထူးရတဲ့ ဧတဒဂ်မယ်ကို အားကျလို့ ကုသိုလ် ပြုတိုင်း အဲဒီလို ဖြစ်ဖို့ ဆုတောင်းခဲ့ပြီး ဒီဘုရားရဲ့ ဗျာဒိတ်ကို ရခဲ့သူပါ။

ကာဠီဟာ လူ့လောကမှာ ပထမဆုံး သောတာပန် ဖြစ်တဲ့ အမျိုးသမီးပါ။ ဒါကြောင့် ဗုဒ္ဓရဲ့ တရားကို တစ်ဆင့်ကြားလေးနဲ့ လိုက်နာ ကျင့်သုံးပြီး ပထမဆုံး ဓမ္မစက္ခု (တရားမျက်စိ)ကို ရသွားသူဟာ သာမန် အမျိုးသမီး တစ်ဦးသာ ဖြစ်ကြောင်း မှတ်သားရပါတယ်။ ဒကာမတွေ ဂုဏ်ယူစရာပေါ့။

ဒီအမျိုးသမီး နှစ်ဦးဟာ ပါရမီထူးပေမယ့် ဝိသာခါတို့လို လူ့ဘဝနဲ့ပဲ ဗုဒ္ဓသာသနာကို ထောက်ပံ့သွားကြပုံပဲ။ သာသနာ့ ဘောင်မှာ ဘိက္ခုနီ ပြုတယ်ဆိုတဲ့ မှတ်တမ်း မတွေ့မိပါ။

## ဆီမီးငါးတိုင်

ကမ္ဘာတစ်သိန်း အလွန်က အမျိုးသမီး တစ်ဦးဟာ ဘုရား တစ်ဆူ လက်ထက်မှာ ကြည်ညိုလွန်းတဲ့ စိတ်နဲ့ ဘုရားပွင့်တဲ့ သစ်ပင် (ဗောဓိပင်)ကို ဆီမီးငါးတိုင် ညှိထွန်းပြီး စေတနာ ထက်သန်စွာ လုပ်ဖူးတယ်။ ဒီဂေါတမဗုဒ္ဓ လက်ထက်မှာ လူအဖြစ်နဲ့ (အမျိုးအမည် မထင်ရှား) ပြန်လည် မွေးဖွားပြီး အဲဒီ ဆီမီး ငါးတိုင် အလှူကြောင့် မွေးဖွားချိန်မှာ တစ်အိမ်လုံး ဆီမီးရောင်တွေနဲ့ ထူးဆန်းစွာ လင်းထိန်သွားတယ်။ ဒီပါရမီရှင်မလေးဟာ အလွန် ငယ်ရွယ်စဉ် အသက် ၇–မှာပဲ မြတ်ဗုဒ္ဓရဲ့ တရားကို နာရလို့ ရဟန္တာ ဖြစ်သွားတယ်။ သူ့နာမည်က ပဉ္စဒီပိကာ (အပဒါန ၂။ ၁၉၅) သို့မဟုတ် ပဉ္စဒီပဒါယိကာ (အပဒါန ၂။ ၂၀၄) တဲ့။ ‘ဆီမီးငါးတိုင် အလှူရှင်’လို့ မြန်မာလို ကင်ပွန်းတပ်နိုင်တယ်။

ဒီထေရီမက ‘ငါ့ရဲ့ ဒိဗ္ဗစက္ခု အဘိညာဉ်ဟာ အလွန် စင်ကြယ်တယ်။ ငါသည် ဈာနသမာဓိကို အထူးကျွမ်းကျင်တယ်။ အဲဒီလို အဘိညာဉ်ရဲ့ အထွတ် အထိပ်ကို ရောက်ရတာဟာ ဆီမီးငါးတိုင် အလှူရဲ့ အကျိုးပါပဲ’တဲ့။

## ဥပုသ်စောင့်သူ

ဗန္ဓုမာဘုရင်ဟာ လပြည့်နေတိုင်း ဥပုသ် စောင့်လေ့ရှိတယ်။ ကျွန်မပင် ဖြစ်ပေမယ့် ဆင်ခြင်တတ်တဲ့ အမျိုးသမီးငယ် တစ်ဦးဟာ ‘ဘုရင်ဖြစ်လျက် စည်းစိမ်ကို စွန့်ပြီး ဥပုသ်စောင့်တာဟာ အကျိုးရှိလို့ပဲ’လို့ သိမြင်တဲ့ အတွက် မင်းကြီးကို အတုယူပြီး ဥပုသ်စောင့်တယ်။ အဲဒါ လွန်ခဲ့တဲ့ ကိုးဆယ့်တစ်ကမ္ဘာ အလွန်က ဖြစ်ရပ်။ အဲဒီ အကျိုးကြောင့် ဘဝသံသရာမှာ ကောင်းကျိုးတွေ ဝေခဲ့ရပြီး နောက်ဆုံးဘဝ ဂေါတမဗုဒ္ဓလက်ထက်မှာ အသက် ခုနစ်နှစ် အရွယ်နဲ့ ရှင်ပြုပြီး လဝက်လောက် အကြာမှာ ရဟန္တာ ဖြစ်သွားတယ်။ သူ့ဘွဲ့က ဧကူပေါသထိကာထေရီ (အပဒါန၊ ၂။ ၁၉၉)။

သူဟောတဲ့ တရားက ‘ငါစောင့်တဲ့ ဥပုသ်သီလကုသိုလ်ရဲ့ အကျိုးကြောင့် ဖြစ်ရာ ဘဝတွေမှာ ငါ့ရဲ့ အသားအရေ ရွှေအဆင်းလို ဝင်းပခဲ့တယ်။ အခြွေအရံ အသုံးအဆောင်တွေနဲ့ ပြည့်စုံခဲ့ရပါတယ်။ ခုတော့ ရှင်တော် ဗုဒ္ဓရဲ့ သာသနာမှာ ကိလေသာ မီးပုံကြီး အပြီးတိုင် ငြိမ်းခဲ့ပါပြီ’လို့ ဖြစ်ပါတယ်။

ပြန်ချုပ်ရင် .. အဦးဆုံး အမျိုးသမီး သောတာပန်က ကာဠီအမျိုးသမီး။ ပထမဆုံး သရဏဂုံ တည်တဲ့ အမျိုးသမီးက အရှင်ယသရဲ့ မယ်တော် သုဇာတာ။ ဒီနှစ်ယောက်က ကောင်းမှု ပြုတိုင်း ဆုတောင်း အထူးပြုလို့ ဗုဒ္ဓ ဗျာဒိတ် ရသူတွေ။ ထေရီ အပဒါန်မှာ ဖော်ပြပါ ခုနစ်နှစ်အရွယ် ရဟန္တာထေရီ နှစ်ပါး တွေ့မိကြောင်းပါ။ နောက်ထပ် တွေ့ရင်လည်း ထပ်ဖြည့်တာပေါ့။ ❒

**အရှင်ကေလာသ**
**စက်တင်ဘာ ၂၈၊ ၂၀၁၅။**
-------------------